# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၉၀

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၃၃ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ * မတ်လ ၂၇ ~~အောက်တိုဘာလ~~ ~~၇~~ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှု

| | | |
|---|---|---|
| R.N ENTERPRISE LTD.<br>(၎င်း၏ကိုယ်စားဒါရိုက်တာ ဦးဇော်ဝင်းနိုင်) | နှင့် | ၁။ VIVO GROUP OF COMPANIES<br>(၎င်းကိုယ်စားမန်နေဂျင်းဒါရိုက်တာဦးရဲသူအောင်)<br>၂။ LEADER TRADE PRODUCTS CO,LTD.<br>(၎င်းကိုယ်စား ဦးဟန်ဝင်းလွင်) |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

အယူခံတရားလိုအတွက် - ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) ဒေါ်မြင့်မြင့်စန်း၊ တရားလွှတ်တော်ရှေ့နေ

- (၂) ကိုယ်တိုင်

## စီရင်ချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃ တွင် တရားလို R.N ENTERPRISE LTD (၎င်းကိုယ်စား ဒါရိုက်တာဦးဇော်ဝင်းနိုင်)က တရားပြိုင် VIVO GROUP OF COMPANIES (၎င်းကိုယ်စားမန်နေဂျင်းဒါရိုက်တာဦးရဲသူအောင်) နှင့် LEADER TRADE PRODUCTS CO,LTD (၎င်းကိုယ်စား ဦးဟန်ဝင်းလွင်) တို့အပေါ် "KAto" ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်း (သီးစုံဖျော်ရည်) များကို မြန်မာနိုင်ငံတစ်ဝှမ်းဈေးကွက်အတွင်း တရားပြိုင်များက ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းရလိုမှုနှင့် လျော်ကြေးနစ်နာကြေးငွေကျပ်သိန်း ၂၀၀၀၀ ရလိုမှုစွဲဆိုရာ ထာဝရတားဝရမ်းရလိုကြောင်း စွဲဆိုမှုကိုပလပ်ပြီး တရားလိုအား အမှတ်(၂) တရားပြိုင်က လျော်ကြေးငွေကျပ်သိန်း တစ်ထောင်တိတိပေးလျော်စေရန် ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီ

* ၄ . ၈ . ၂၀၂၀ ရက်စွဲပါ ရုံးချုပ်မှတ်တမ်း
အရ ပြင်ဆင်ထားသည်။

ကို အယူခံတရားလိုမှ ကျေနပ်မှုမရှိ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင် အမှတ် ၂၈/၁၉၉၄-၁၉၉၅ ဖြင့် တည်ထောင်ဖွဲ့စည်းထားသော ကုမ္ပဏီလီမိတက်ဖြစ်ကြောင်း၊ တရားလို ကုမ္ပဏီအနေဖြင့် စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချ ခြင်း၊ ပြည်ပမှထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများကို တင်သွင်းရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ကြောင်း၊ တရားလိုကုမ္ပဏီနှင့် တရားပြိုင်အမှတ်(၂) ကုမ္ပဏီတို့ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခဲ့ပြီး အမှတ်(၂)တရားပြိုင် ကုမ္ပဏီက ထုတ်လုပ်ဖြန့်ဖြူးနေသော စားသောက်ကုန်ပစ္စည်း(အဖျော်ယမကာ)များကို တင်သွင်းရောင်းချရန် ၂-၅-၂၀၁၃ ရက်စွဲပါ (Exclusive Agency Agreement) တစ်စောင်ကို တရားဝင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သဘောတူစာချုပ်အရ အမှတ်(၂)တရားပြိုင်ကုမ္ပဏီက ထုတ်လုပ်သော "KAto" တံဆိပ်စားသောက်ကုန် (အဖျော်ယမကာ) ပစ္စည်းအမျိုးမျိုးကို တရားလိုက မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့်ရရှိခဲ့ကြောင်း၊ တရားလိုကုမ္ပဏီ၏ငွေ အင်အား၊ လူအင်အား၊ ဈေးကွက်ရှာဖွေနိုင်မှု၊ ကျွမ်းကျင်မှုများကြောင့် "KAto" သီးစုံဖျော်ရည်များသည် မြန်မာနိုင်ငံ၌ အချိန်တိုအတွင်းအောင်မြင်မှုများရရှိခဲ့ကြောင်း၊ သို့ရာတွင် "KAto" တံဆိပ်သီးစုံဖျော်ရည်များ ကို အမှတ်(၁)တရားပြိုင်၏ VIVO GROUP OF COMPANIES ကုမ္ပဏီကလည်း တရားလို၏ကုမ္ပဏီနှင့် ယှဉ်ပြိုင်လျက် အကြီးအကျယ်ဖြန့်ဖြူးရောင်းချနေသည်ကို စုံစမ်းတွေ့ရှိခဲ့ကြောင်း၊ အဆိုပါကိစ္စအား ထိုင်းနိုင်ငံအခြေစိုက် အမှတ်(၁)တရားပြိုင်ကုမ္ပဏီသို့ အကျိုးအကြောင်းဆက်သွယ်ပြောကြားခဲ့သော်လည်း မည်သို့မှဆောင်ရွက်ပေးခြင်းမပြုဘဲ တရားလိုကုမ္ပဏီအား ကိုယ်စားလှယ်အဖြစ်မှ တစ်ဖက်သတ်ရပ်ဆိုင်း ရန်ဆောင်ရွက်လာခဲ့ကြောင်း၊ အမှတ်(၁)တရားပြိုင် ကုမ္ပဏီမှလည်း တရားလို၏ တောင်းဆိုချက်အား လိုက်နာခြင်းမပြုဘဲ အချင်းဖြစ်ကုန်အမှတ်တံဆိပ်ပါ သီးစုံဖျော်ရည်များကို အမှတ်(၁)တရားပြိုင် ကုမ္ပဏီ ထံမှ ရေးယခင်ကတည်းကပင် မှာယူတင်သွင်းဖြန့်ဖြူးရောင်းချခဲ့သည်ဟု ရှေ့နေမှတစ်ဆင့်ပြန်ကြားခဲ့ ကြောင်း၊ အမှတ်(၁)တရားပြိုင်နှင့် အမှတ်(၂)တရားပြိုင်တို့သည် အချင်းဖြစ် ကုန်အမှတ်တံဆိပ်ကုန်စည်များ ကို တရားလိုနှင့်ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှုပြုခဲ့ခြင်းကြောင့် တရားလို ကုမ္ပဏီအနေဖြင့် အကြီး အကျယ်အကျိုးစီးပွားနစ်နာခဲ့ကြောင်း၊ အမှတ်(၂)တရားပြိုင်သည် (Exclusive Agency Agreement) ပါ နှစ်ဖက်သဘောတူ စည်းကမ်းများကို လျစ်လျူရှု၍ တရားလိုမှတင်သွင်းမှာယူသော ကုန်ပစ္စည်းများကို ပေးပို့ခြင်းမပြုဘဲ အမှတ်(၁)တရားပြိုင်ကိုသာ တင်သွင်းရောင်းချနိုင်ရန် ဆောင်ရွက်နေခြင်းကြောင့် ယင်းသို့ မပြုရန် တရားပြိုင်များအပေါ် ထာဝရတားဝရမ်းရရှိထိုက်ကြောင်း၊ တရားလို၏အမည်ကောင်း ဂုဏ်သတင်း (Good Will) နှင့် ငွေကြေးနစ်နာဆုံးရှုံးမှုများပေါ်ပေါက်ခဲ့ရသောကြောင့် နစ်နာကြေးငွေကျပ်သိန်း (၂၀၀၀၀) ရထိုက်ကြောင်း အဆိုပြုတင်ပြသည်။

အမှတ်(၁)တရားပြိုင်၏ချေလွှာတွင် ထိုင်းနိုင်ငံအခြေစိုက် အမှတ်(၂)တရားပြိုင်၏ကုမ္ပဏီမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့စာချုပ် ချုပ်ဆိုခဲ့ပါသည်ဆိုသော ၂-၅-၂၀၁၃ ရက်နေ့မတိုင်မီကပင် တင်သွင်းရောင်းချလာခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုသည် "KAto" ကုန်

အမှတ်တံဆိပ်ပစ္စည်းများကို တစ်ဦးတည်းရောင်းချပိုင်ခွင့်ရရှိထားသည်ဆိုခြင်းမှာမမှန်ကြောင်း၊ တရားလို နှင့် အမှတ်(၂) တရားပြိုင်တို့ ချုပ်ဆိုခဲ့သော (Exclusive Agency Agreement) ကိုရုပ်သိမ်းကြောင်း၊ (Notice of Termination) ကို ၂၅-၁၀-၂၀၁၃ ရက်နေ့တွင် အမှတ်(၂)တရားပြိုင်ကတရားလိုထံပေးပို့ပြီးဖြစ်ကြောင်း၊ အမှတ်(၁)တရားပြိုင်နှင့် အမှတ်(၂)တရားပြိုင်တို့သည် ၃-၂-၂၀၁၄ နေ့တွင် ထိုင်းနိုင်ငံ၌တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ အမှတ်(၂)တရားပြိုင်ကုမ္ပဏီ၏ပစ္စည်းများကို အမှတ်(၁) တရားပြိုင်က စဉ်ဆက်မပြတ်ရောင်းချလာခဲ့ခြင်းသည် တရားလိုကုမ္ပဏီ၏ အကျိုးစီးပွားထိခိုက်ခြင်းနှင့် ဆက်စပ်မှုမရှိ၍ အမှတ်(၁)တရားပြိုင်တွင် တာဝန်မရှိကြောင်း၊ အမှတ်(၁)တရားပြိုင်သည် အမှတ်(၂) တရားပြိုင်နှင့် ချုပ်ဆိုခဲ့သော Sole Agency and Sole Distributor Agreement အရ ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရန်ကိစ္စမှာတရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့ကြားကိစ္စဖြစ်ကြောင်း ချေပတင်ပြ သည်။

အမှတ်(၂)တရားပြိုင်၏ချေလွှာတွင် တရားလိုနှင့် ၎င်းတို့အကြား ချုပ်ဆိုခဲ့သည့် ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အရ တရားလိုသည် "KAto" ကုန်အမှတ်တံဆိပ်ပစ္စည်းကို တရားဝင်တင်သွင်းဖြန့်ဖြူး ရောင်းချနိုင်သော်လည်း စာချုပ်တွင် မြန်မာနိုင်ငံဈေးကွက်၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့် ပြုကြောင်း သဘောတူညီချက်ထည့်သွင်း ချုပ်ဆိုထားခြင်းမရှိကြောင်း၊ သဘောတူသတ်မှတ်ထားသည့် အချိန်အတွင်းသတ်မှတ်ထားသည့် ကုန်ပစ္စည်းအရေအတွက်ပြည့်မီအောင် မှာယူဖြန့်ဖြူးရောင်းချနိုင်မှုမရှိ သည့်အတွက် စာချုပ်အပိုဒ် ၃၊ အပိုဒ်ခွဲ ၃ နှင့်အညီ ၂-၅-၂၀၁၃ ရက်စွဲပါ (Exclusive Agency Agreement) ကိုရုပ်သိမ်းကြောင်း၊ (Notice of Termination) ကို ၂၅-၁၀-၂၀၁၃ ကတည်းက တရားလိုထံပို့ပြီးဖြစ် ကြောင်း၊ "KAto" ကုန်အမှတ်တံဆိပ်ကုန်ပစ္စည်းများကို တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့အကြား ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ်မချုပ်ဆိုမီကတည်းက အမှတ်(၁)တရားပြိုင်အပါအဝင်မြန်မာနိုင်ငံ မှ ဖြန့်ဖြူးရောင်းချရေးကုမ္ပဏီများမှ အပြိုင်မှာယူတင်သွင်းဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ အမှတ်(၁)တရားပြိုင် နှင့် အမှတ်(၂)တရားပြိုင်တို့သည် ၃-၂-၂၀၁၄ တွင် Sole Agency and Sole Distributor Agreement စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အပိုဒ် ၃ တွင် တရားလို၏တာဝန်များကို ဖော်ပြထား ပြီး ရုပ်သိမ်းနိုင်သည့် အခြေအနေများ ပေါ်ပေါက်လာပါက ရုပ်သိမ်းနိုင်ကြောင်း ဖော်ပြပါရှိ၍ ရုပ်သိမ်းခြင်း အပေါ် ထာဝရတားဝရမ်း စွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်တွင် အငြင်းပွားမှုပေါ်ပေါက်လာပါက ၁၉၄၄ အနုညာတခုံသမာဓိအက်ဥပဒေဖြင့် ဖြေရှင်းညှိနှိုင်းကြရန်သဘောတူ ကြောင်းပါရှိသဖြင့် ထိုဥပဒေဖြင့် ညှိနှိုင်းဖြေရှင်းရခြင်းမပြုရသေးသည့် အခြေအနေတွင် တရားစွဲဆိုရန် အကြောင်း မပေါ်ကြောင်း၊ သို့ဖြစ်၍ ထာဝရတားဝရမ်းနှင့် နစ်နာကြေးရထိုက်ခွင့်မရှိကြောင်း ချေပသည်။

အယူခံတရားလို၏ရှေ့နေက ၂-၅-၂၀၁၃ ရက်စွဲပါ (Exclusive Agency Agreement) အား အထောက်အထားပြု၍ "KAto" အမှတ်တံဆိပ်ပစ္စည်းများအား စာချုပ်သက်တမ်းကာလအတွင်း မြန်မာပြည် ဈေးကွက်၌ အယူခံတရားလိုမှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တုပယှဉ်ပြိုင်ရောင်းချခွင့်မရှိ ကြောင်း၊ "Exclusive Agency" ဟူသော ဝေါဟာရအသုံးအနှုန်းသည် မြန်မာဘာသာအားဖြင့် တစ်ဦးတည်း သော ကိုယ်စားပြုသူ သို့မဟုတ် သီးသန့်သတ်မှတ်ထားသော ကိုယ်စားပြုသူ သို့မဟုတ် မူပိုင်ရောင်းချခွင့်

ရရှိထားသောကိုယ်စားလှယ်ဖြစ်သည်ဟု ဝေါဟာရအဘိဓာန်များအရ ထင်ရှားကြောင်း၊ ပြည်ပမှကုန်ပစ္စည်းတစ်ရပ်ကို သာမန်အားဖြင့် မည်သူမဆိုတစ်နိုင်တစ်ပိုင်ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချမှုပြုနိုင်သော်လည်း (Exclusive Agency Agreement) စာချုပ်မျိုးချုပ်ဆိုရောင်းချခြင်းမှာ အချင်းဖြစ်ပစ္စည်းအား ဈေးကွက်ပေါက်မြောက်ရေးအတွက် လူအင်အား၊ ငွေအင်အားစိုက်ထုတ်ရင်းနှီးလုပ်ဆောင်ရခြင်းဖြစ်ပြီး အဆိုပါစိုက်ထုတ်ရင်းနှီးမှုအပေါ် ရေရှည်အကျိုးခံစားခွင့်ပြန်လည်ရရှိရေးဖြစ်ကြောင်း၊ အမှတ်(၁)တရားပြိုင်သည်ကုမ္ပဏီအဖြစ်တရားဝင်မှတ်ပုံတင်သွင်းခွင့်ရရှိသော နေ့ရက်မှာ ၁၀-၇-၂၀၁၃ ရက်နေ့ဖြစ်၍ ယင်းနေ့မတိုင်မီကတည်းက အမှတ်(၂)တရားပြိုင်က “KAto” အချိုရည်များဝယ်ယူတင်သွင်းရောင်းချခြင်းမှာ တရားဝင်ကုန်သွယ်ခွင့်မရှိဘဲ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ဤအခြေအနေတွင် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၅၄ အရ အမှတ်(၁)တရားပြိုင်အပေါ် ထာဝရတားဝရမ်းထုတ်နိုင်ကြောင်း၊ အယူခံတရားလိုအား “Exclusive Agency” အဖြစ်မှ ရပ်စဲခြင်းသည် ၂-၅-၂၀၁၃ စာချုပ်စည်းကမ်းချက်အပိုဒ် ၃၊ အပိုဒ်ခွဲ ၃ နှင့်အညီမဟုတ်ဘဲ ရပ်စဲခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်များ၏ပြုမူဆောင်ရွက်ချက်များကြောင့် တရားလိုကုမ္ပဏီအနေဖြင့် မိမိရင်းနှီးစိုက်ထုတ်ထားသော ဈေးကွက်အခိုင်အမာရရှိရေး ကုန်ကျစရိတ်များစွာ အလဟဿ ဖြစ်ရုံမျှမက ကုမ္ပဏီ၏ကောင်းသောအမည်ဂုဏ်သတင်းပျက်စီးခဲ့ကြောင်း၊ သို့ဖြစ်၍ တရားလိုတောင်းဆိုသော သက်သာခွင့်ကို ခွင့်ပြုသင့်ကြောင်း လျှောက်ထားသည်။

အမှတ်(၁)တရားပြိုင်၏ရှေ့နေက LEADER TRADE PRODUCTS CO,LTD ၏ဖောက်သည်များတွင် R.N ENTERPRISE LTD နှင့် VIVO ကုမ္ပဏီတို့ပါကြောင်း၊ အမှတ်(၁)တရားပြိုင်မှာ LEADER TRADE PRODUCTS CO,LTD ထံမှ ကုန်ပစ္စည်းများကို လွန်ခဲ့သော ၂၀၁၂ ခုနှစ်ကတည်းက အဲဗားဂရိတ်ကုမ္ပဏီအမည်ဖြင့် မှာယူတင်သွင်းခဲ့ကြောင်း၊ တရားလိုက ကြေးမုံသတင်းစာတွင် တစ်ဦးတည်းရောင်းချရန်ကိုယ်စားလှယ်အဖြစ်ကြော်ငြာခဲ့ခြင်းမှာ အမှတ်(၁)တရားပြိုင်က မြန်မာနိုင်ငံတွင်ရောင်းချနေကြောင်း သိရှိပြီးမှ ထည့်သွင်းကြော်ငြာခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုသည် အမှတ်(၂)တရားပြိုင်နှင့် ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ်အရ အချင်းဖြစ် “KAto” ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့်မရခဲ့ကြောင်း၊ စာချုပ်တွင်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ခန့်အပ်ကြောင်း သဘောသက်ရောက်သည့် စာသားမပါကြောင်း၊ “KAto” ကုန်အမှတ်တံဆိပ်များကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချရန် LEADER TRADE PRODUCTS CO,LTD က တစ်ဦးတည်းမူပိုင်အမှတ် မှတ်ပုံတင်ခဲ့သည့် စာချုပ်အမှတ် ၄၃၃၂/၂၀၁၂ အရ တရားလိုအား ထာဝရတားဝရမ်းထုတ်ပေးရန် ငြင်းပယ်ခဲ့ခြင်းသည် ဥပဒေအရ ညီညွတ်မှန်ကန်ကြောင်း၊ သို့ဖြစ်၍ အယူခံလွှာအား ပလပ်သင့်ကြောင်း လျှောက်ထားသည်။

အမှတ်(၂)အယူခံတရားပြိုင် Leader Trade Products Co. Ltd (၎င်း၏ကိုယ်စား ဦးဟန်ဝင်းလွင်) က ယခုအယူခံမှုနှင့် မူလအမှုတို့တွင် ၎င်းအား အမှတ်(၂)တရားပြိုင်ကုမ္ပဏီက တရားရုံးကိုယ်စားလှယ်အဖြစ်ခန့်အပ်ခဲ့ကြောင်း၊ ယခုပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မူလရုံးတရားလိုက အယူခံတက်ရောက်ထားကြောင်း ထိုင်းနိုင်ငံရှိ အမှတ်(၂)တရားပြိုင်ကုမ္ပဏီသို့ ၂၇-၁၁-၂၀၁၉ ရက်စွဲပါ e-mail ဖြင့်အကြောင်းကြားခဲ့ရာ အမှတ်(၂)အယူခံတရားပြိုင် Leader Trade Products Co. Ltd က အမှုအား ခုခံရင်ဆိုင်မည်မဟုတ်ကြောင်း၊ ၂-၁၂-၂၀၁၉ ရက်စွဲပါ e-mail ဖြင့် ၎င်းထံအကြောင်းပြန်ကြားလာ

ကြောင်း၊ ထို့ပြင် အမှတ်(၂)အယူခံတရားပြိုင်ကုမ္ပဏီက ဦးဟန်ဝင်းလွင် အား ၎င်းကုမ္ပဏီ၏တရားရုံး ကိုယ်စားလှယ်အဖြစ်ရုပ်သိမ်းကြောင်း ၃၁-၁-၂၀၂၀ ရက်စွဲပါ e-mail ဖြင့်အကြောင်းကြားခဲ့ပါကြောင်း၊ e-mail မိတ္တူများပူးတွဲတင်ပြပြီး ယခုအယူခံမှုအား အမှတ်(၂)တရားပြိုင်ကုမ္ပဏီသို့ အကြောင်းကြားသိစေပြီးပါကြောင်းနှင့် ၎င်းအား တရားရုံးကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ခွင့်ရုပ်သိမ်းပြီးဖြစ်ကြောင်း တင်ပြသည်။

LEADER TRADE PRODUCTS CO,LTD မှ ၎င်း၏ကိုယ်စားတရားရုံးကိုယ်စားလှယ်အဖြစ် ဦးဟန်ဝင်းလွင် အား လွှဲအပ်ရာတွင် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ General service Officer နှင့် ဘန်ကောက်မြို့အခြေစိုက် မြန်မာသံရုံး၏ Second Secretary ဦးထွန်းအေးတို့မှ အသိအမှတ်ပြုပေးပို့ခဲ့ခြင်း ဖြစ်ရာ နည်းလမ်းတကျတရားရုံးကိုယ်စားလှယ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဦးဟန်ဝင်းလွင် ကို တရားရုံးကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းသည်ဆိုရာတွင် ကုမ္ပဏီအခြေစိုက်နိုင်ငံရှိ သက်ဆိုင်ရာ သံရုံးမှတစ်ဆင့်ပေးပို့ရုပ်သိမ်းခြင်းမဟုတ်ဘဲ ဦးဟန်ဝင်းလွင်သို့ e-mail ဖြင့် တိုက်ရိုက်ပေးပို့ရုပ်သိမ်းခဲ့ခြင်း ဖြစ်သဖြင့် ၎င်းအား တရားရုံးကိုယ်စားလှယ်အဖြစ်မှ အမှန်ရုပ်သိမ်းခဲ့ခြင်းရှိ မရှိ ဤအမှုတွင်ထည့်သွင်း ဆုံးဖြတ်နိုင်မည်မဟုတ်ပေ။

ယခုအမှုသည် အမှတ်(၂) အယူခံတရားပြိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်ခြင်း၊ ခုခံလျှောက်လဲခြင်းမပြုသည့်တိုင်၊ ၎င်းအယူခံတရားပြိုင်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားဝင်ဆင့်ခေါ်သည့် သမ္မာန်စာအတည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် ဆက်လက်ကြားနာဆောင်ရွက်သွားရန်သာဖြစ်သည်။

အမှုတွင် အယူခံတရားလို R.N ENTERPRISE LTD သည် မူလရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် “KAto” ကုန်အမှတ်တံဆိပ်ဖြင့် အမှတ်အသားဖြင့်ထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်း (သီးစုံဖျော်ရည်) များကို မြန်မာနိုင်ငံတစ်ဝန်းဈေးကွက်အတွင်း တရားပြိုင်များက ဖြန့်ဖြူးသွားခြင်းမပြုရန်တားဝရမ်းရလိုမှုနှင့်လျော်ကြေးနစ်နာကြေးငွေကျပ်သိန်း (၂၀၀၀၀) ရလိုမှုစွဲဆိုခဲ့ရာ အဆိုအချေများအရ အောက်ပါငြင်းချက်များကို ထုတ်နုတ်ကြားနာခဲ့သည်-

(၁) တရားပြိုင်(၁)သည် တရားလိုနှင့် တရားပြိုင်(၂)တို့ ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်မချုပ်မီကပင် အချင်းဖြစ် “KAto” ကုန်အမှတ်တံဆိပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချသူဖြစ်သည်ဆိုလျှင် မှန်ပါသလား၊

(၂) တရားပြိုင်(၂)သည် တရားလိုနှင့် ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အရ အချင်းဖြစ် “KAto” ကုန်အမှတ်တံဆိပ်များကို တရားလိုအား မြန်မာနိုင်ငံ၌ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ်ခွင့်ပြုခဲ့ခြင်းမရှိဟုဆိုလျှင် မှန်ပါသလား

သို့မဟုတ်

တရားလိုသည် တရားပြိုင်(၂)နှင့် ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ်အရ အချင်းဖြစ်“KAto” ကုန်အမှတ်တံဆိပ်များကို မြန်မာနိုင်ငံ၌တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့်ရရှိခဲ့သည်ဆိုလျှင် မှန်သလား၊

(၃) တရားပြိုင်(၂)သည် တရားလိုနှင့်ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်သဘောတူညီချက်အပိုဒ် ၃၊ အပိုဒ်ခွဲ ၃ နှင့်အညီ ဖြန့်ဖြူးရောင်းချခွင့်ကိုရပ်ဆိုင်းထားပြီးဖြစ်သည်ဆိုလျှင် မှန်သလား၊

(၄) တရားလိုသည် တရားပြိုင်(၁) နှင့် (၂) တို့ပူးပေါင်း၍ အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ်များကိုဖြန့်ဖြူးရောင်းချမှုအတွက် လျော်ကြေးငွေကျပ်သိန်း ၂၀၀၀၀ တိတိရခွင့်ရှိသည်ဆိုလျှင် မှန်သလား၊

(၅) တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အဆိုအချေ၊ နှစ်ဖက်သက်သေခံချက်များ၊ သက်သေခံစာရွက်စာတမ်းများနှင့် နှစ်ဖက်လျှောက်လဲချက်များအရ ငြင်းချက်အမှတ်(၁)အား အမှတ်(၁) တရားပြိုင်သည် တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့ ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ် မချုပ်ဆိုမီကပင် အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ်ပစ္စည်းများကိုဖြန့်ဖြူးရောင်းချနေသူဖြစ်သည်မှာ မှန်ကြောင်း၊ ငြင်းချက်အမှတ်(၂)ကို အမှတ်(၂)တရားပြိုင်သည် တရားလိုကုမ္ပဏီနှင့် ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အရ အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ်များကို တရားလိုအား မြန်မာနိုင်ငံ၌တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ်ခွင့်ပြုခဲ့ခြင်းမရှိဆိုလျှင် မှန်ကြောင်းနှင့် တရားလိုသည် အမှတ်(၂)တရားပြိုင်နှင့် ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အရ မြန်မာနိုင်ငံ၌တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့်ရရှိခဲ့သည်ဆိုလျှင် မမှန်ကြောင်း၊ ငြင်းချက်အမှတ်(၃)အား အမှတ်(၂)တရားပြိုင်သည် တရားလိုနှင့် ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်၏သဘောတူညီချက်အပိုဒ် ၃၊ အပိုဒ်ခွဲ (၃) နှင့်အညီ ဖြန့်ဖြူးရောင်းချခွင့်ကို ရပ်ဆိုင်းခဲ့ခြင်းမဟုတ်ကြောင်း၊ ငြင်းချက်အမှတ်(၄)ကို "KAto" ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့်ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်း (သီးစုံဖျော်ရည်)များကို မြန်မာနိုင်ငံတစ်ဝှမ်းဈေးကွက်အတွင်း တရားပြိုင်များ၏ဖြန့်ဖြူးရောင်းချမှုမပြုရန် ထာဝရတားဝရမ်းရထိုက်ခွင့်မရှိကြောင်းနှင့် တရားလို R.N ENTERPRISE LTD သို့ အမှတ်(၂)တရားပြိုင် Leader Trade Products Co. Ltd.က နစ်နာကြေးငွေကျပ်သိန်း (၁၀၀၀) ပေးလျော်စေရန်ဖြစ်ကြောင်း ဖြေဆိုပြီး ငြင်းချက်အမှတ်(၅) တရားလိုတောင်းဆိုသော သက်သာခွင့်နှင့်စပ်လျဉ်း၍ "KAto" ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့်ထုတ်လုပ်သော ကုန်ပစ္စည်း (သီးစုံဖျော်ရည်)များကို မြန်မာနိုင်ငံတစ်ဝှမ်းဈေးကွက်အတွင်း တရားပြိုင်များက ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းရလိုကြောင်းစွဲဆိုမှုကို ပလပ်ပြီး တရားလို R.N ENTERPRISE LTD အား အမှတ်(၂)တရားပြိုင် Leader Trade Products Co. Ltd လျော်ကြေးငွေကျပ်သိန်း ၁၀၀၀ တိတိကိုပေးလျော်စေရန် စရိတ်နှင့်တကွအနိုင်ဒီကရီချမှတ်ပေးခဲ့ကြောင်းတွေ့ရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီသည် ဥပဒေနှင့်ညီညွတ်မှုရှိမရှိ စိစစ်ရန်ဖြစ်သည်။

မူလမှုတွင် တရားလို R.N ENTERPRISE LTD သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ပေးရန်တာဝန်ကန့်သတ်ထားသည့် (ပြည်တွင်း) ကုမ္ပဏီလီမိတက်တစ်ခုဖြစ်ကြောင်း၊ နှစ်ဖက်အငြင်းမပွားပေ။ တရားလိုကုမ္ပဏီသည် အမှတ်(၂)တရားပြိုင် Leader Trade Products Co. Ltd

နှင့် ၂-၅-၂၀၁၃ နေ့တွင် ချုပ်ဆိုသော Exclusive Agency Agreement စာချုပ်ကို အားကိုးအားထားပြုပြီး ယခု အမှုကိုစွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ မူလရုံးတရားလိုသည် အဆိုပါစာချုပ်အရ ၎င်း၏ကုမ္ပဏီသည် အမှတ်(၂)တရားပြိုင်ကုမ္ပဏီ၏ထုတ်ကုန်ပစ္စည်းများဖြစ်သည့် (သီးစုံဖျော်ရည်)များကို မြန်မာနိုင်ငံဈေးကွက်တွင်တစ်ဦးတည်းကိုယ်စားလှယ်ရရှိခြင်းဖြစ်၍ အမှတ်(၁)တရားပြိုင် VIVO GROUP OF COMPANIES နှင့် အမှတ်(၂)တရားပြိုင် Leader Trade Products Co. Ltd. တို့သည် ၎င်းတစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသည့်ကုန်ပစ္စည်းများကို ၎င်း၏ကုမ္ပဏီနှင့်ပြိုင်ဆိုင်၍ ရောင်းဝယ်နေသောကြောင့် ၎င်းတွင် နစ်နာဆုံးရှုံးမှုရရှိကြောင်း ဖော်ပြပြီး အဆိုပါ တရားပြိုင်တို့က "KAto" အမှတ်တံဆိပ်ပါသော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝှမ်းဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရ တားဝရမ်းနှင့် လျော်ကြေးငွေကျပ်သိန်း (၂၀၀၀၀) ရလိုမှုစွဲဆိုခြင်းဖြစ်သည်။ သို့ဖြစ်ရာ တရားလိုနှင့် အမှတ်(၂)တရားပြိုင်ကုမ္ပဏီတို့ ချုပ်ဆိုသော Exclusive Agency Agreement စာချုပ်သည် တရားလိုများ အဆိုပြုချက်နှင့်ညီညွတ်ခြင်းရှိ မရှိစိစစ်ရန်ဖြစ်သည်။

Exclusive Agency Agreement စာချုပ်ကို မြန်မာနိုင်ငံတွင် ၂-၅-၂၀၁၃ ရက်နေ့တွင် တရားလို R.N ENTERPRISE LTD ကိုယ်စားအမှုဆောင်ဒါရိုက်တာ ဦးဇော်ဝင်းနိုင်နှင့် (The agent) အဖြစ်လည်းကောင်း၊ အမှတ်(၂)တရားပြိုင် Leader Trade Products Co. Ltd. ကိုယ်စား CEO/ Managing Director . Mr Vatana Hiranas (The seller) အဖြစ်လည်းကောင်း ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး အဆိုပါစာချုပ်မူရင်းကို တရားလိုဘက်မှ သက်သေခံ "ဃ" အဖြစ်လည်းကောင်း၊ အမှတ်(၂) တရားပြိုင်က အဆိုပါစာချုပ်မိတ္တူကို သက်သေခံအမှတ် (၂၅) အဖြစ်လည်းကောင်း တင်သွင်းထားကြောင်း တွေ့ရှိရသည်။

သက်သေခံ "ဃ" စာချုပ်၏ ပထမစာမျက်နှာ အောက်ဆုံးပိုဒ်တွင် The seller is Lawfully authorized to sell and/or distribute to appoint agent to sell and/or distribute such products ဟုဖော်ပြထားသည်။ အမှတ်(၂)တရားပြိုင်ကုမ္ပဏီ (The seller) သည် ထိုင်းနိုင်ငံ ပြင်ပတွင်စာချုပ်ပါ သတ်မှတ်ထားသည့် ထုတ်ကုန်များကို ရောင်းချရန်၊ ဖြန့်ဖြူးရန်အတွက် agent (ကိုယ်စားလှယ်များ) ကိုခန့်ထားရန် ဥပဒေနှင့်အညီအခွင့်အာဏာအပ်နှင်းခြင်းခံရသူဖြစ်ကြောင်း ပေါ်ပေါက်သည်။

အဆိုပါစာချုပ်၏ ဒုတိယစာမျက်နှာအပေါ်ဆုံးပိုဒ်တွင် The Agent intends to sell and/or otherwise distribute such products Lawfully in the territory and the manufacturer has consented to appoint the Agent as an agency for the territory to sell and/or distribute the products ဟုဖော်ပြထားရာ အဆိုပါ ထုတ်ကုန်ပစ္စည်းများကိုထုတ်လုပ်သူကလည်း မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ၎င်း၏ထုတ်ကုန်များကိုရောင်းချရန်၊ ဖြန့်ဖြူးရန် ကိုယ်စားလှယ်တစ်ဦးအဖြစ် (as an Agent) ခန့်အပ်ရန်သဘောတူပြီးဖြစ်ကြောင်း ဖော်ပြထားရာ အဆိုပါဖော်ပြချက်အရ အမှတ်(၂) တရားပြိုင်ကုမ္ပဏီနှင့် အဆိုပါထုတ်ကုန်များကို ထုတ်လုပ်သူ (manufacturer) တို့သည် တရားလိုကုမ္ပဏီကို ၎င်းတို့၏စာချုပ်ပါထုတ်ကုန်များအား မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရောင်းချရန်၊ ဖြန့်ဖြူးရန် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ခန့်အပ်ကြောင်း တထစ်ချမှတ်ယူနိုင်မည်မဟုတ်သည်မှာ မြင်သာသည်။

အဆိုပါစာချုပ်အပိုဒ် (၁) တွင် License and Approval နှင့်စပ်လျဉ်း၍ဖော်ပြထားပြီး ကိုယ်စားလှယ် ( agent) သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ထုတ်ကုန်တင်သွင်းခြင်း၊ ပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ဥပဒေအရ လိုအပ်သည့်ခွင့်ပြုချက်၊ အတည်ပြုချက်များနှင့် မှတ်ပုံတင်ခြင်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် လိုအပ်သည့် ခွင့်ပြုချက်၊ အတည်ပြုချက်တို့ကိုရခွင့်ရှိကြောင်းနှင့် စာချုပ်သည် ယင်းကာအတွင်း အဆိုပါ မှတ်ပုံတင်ခြင်း၊ အတည်ပြု ခြင်းတွင် ကုန်ကျစရိတ်များရထိုက်ခွင့်ရှိကြောင်း ဖော်ပြထားသည်။ အပိုဒ် (၂) တွင် ရောင်းသူ (The seller) ၏ တာဝန်နဲ့အခွင့်အရေးများကို ဖော်ပြထားသည်။ အဆိုပါ အထူးကိုယ်စားလှယ်အတွက်ရရှိမည့် အခွင့်အရေးတွင် agent အနေဖြင့် တစ်ဦးတည်းရပိုင်ခွင့်ရှိသည့် ထူးခြားသော အခွင့်အရေးပါရှိကြောင်း မတွေ့ရပေ။

စာချုပ်အပိုဒ် (၃) မှ ကိုယ်စားလှယ်၏တာဝန်များ ( Agent Duties ) ကိုဖော်ပြထားသည်။ အဆိုပါအပိုဒ်တွင် agent က လိုက်နာရမည့်တာဝန်များကိုသာဖော်ပြထားသည်။ အပိုဒ် (၃) ၏ အပိုဒ်ခွဲ(၃) တွင် Agent must maintain distribution in the Union of Myanmar that guarantees total minimum target agreed and if the agent does not meet the minimum target for every 12 months, the seller shall send an announcement and the Agent will have (30) days to make good of the short comings and in case the Agent cannot overcome the shortcomings in time it will have the right to terminate the Agency. ဟုဖော်ပြထားထားရာ ကိုယ်စားလှယ်ကုမ္ပဏီသည် ၁၂ လ တိုင်းအတွက် သတ်မှတ်ထားသည့်အနိမ့်ဆုံး သတ်မှတ်ချက် (target) ပြည့်မီအောင်ဖြန့်ဖြူးပေးနိုင်ရမည် ဖြစ်ပြီး အနိမ့်ဆုံးသတ်မှတ်ချက်ပြည့်မီအောင် ဖြန့်ဖြူးနိုင်ခြင်းမရှိပါက ရောင်းချသူ (seller) သည် ကိုယ်စားလှယ်သို့ သတိပေးကြော်ငြာချက် (announcement) တစ်ကြိမ်ပေးပို့မည်ဖြစ်ပြီး ကိုယ်စားလှယ်သည့် ရက်ပေါင်း (၃၀) အတွင်း ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန်နှင့် လုပ်ဆောင်နိုင်ခြင်းမရှိပါက ရောင်းချသူတွင် ကိုယ်စားလှယ်စာချုပ်ကိုရပ်ဆိုင်းခွင့်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါစာချုပ်အပိုဒ်(၃) ၏ အပိုဒ်ခွဲ(၄)(၅) တို့ကို ဖြန့်ဖြူးရေးလုပ်ငန်းအတွက် အလုပ်သမားခန့်ထားခြင်း၊ သင်တန်းပေးခြင်း၊ လစာ၊ ကော်မရှင်၊ ဘိုးနပ်ပေးခြင်း အပါအဝင် ကုန်ကျစရိတ်အားလုံးကို ကိုယ်စားလှယ်(Agent) တစ်ဦးတည်းကသာကျခံရန်ဖော်ပြထားပြီး၊ အပိုဒ် (၃) အပိုဒ်ခွဲ (၃) တွင် ရည်ညွှန်းသည့် အနိမ့်ဆုံးသတ်မှတ်ချက် (minimum sales) နှင့်ပတ်သက်၍ တစ်နှစ်လျှင် ကွန်တိန်နာအလုံး (၃၀) မှ (၄၀) ကြားဖြစ်ကြောင်းဖော်ပြထားသည်။ အဆိုပါအပိုဒ် (၃) အပိုဒ်ခွဲ(၇) တွင် In events of parallel or third party importing as it will affect the sales of the agent, falling of the sales shall be renegotiated by both parties. ဟုဖော်ပြထားရာ အပြိုင်အဆိုင်ရောင်းချမှု၊ တတိယပုဂ္ဂိုလ်၏တင်သွင်းမှုတို့ကြောင့် ကိုယ်စားလှယ်၏ ရောင်းအားကျဆင်းရသည့်ကိစ္စရပ်များတွင် နှစ်ဖက်သော စာချုပ်၏ ကုမ္ပဏီများသည် ပြန်လည်ညှိနှိုင်းကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စာချုပ်အပိုဒ် (၄) တွင် ထုတ်ကုန်အရည်အသွေး၊ ထုတ်ကုန်စရိတ် warpaints များ၊ နည်းပညာ အချက်အလက်များကို ရောင်းချသူဘက်မှတာဝန်ယူ အာမခံရန်ကိစ္စများဖော်ပြထားပြီး အပိုဒ် (၅) တွင် ကိုယ်စားလှယ်အနေဖြင့် ကုန်အမှတ်တံဆိပ်လိမ်လည်မှု၊ မူပိုင်ခွင့်ကိစ္စရပ်များတွင် ရောင်းချသူ (The

seller) ကိုယ်စားမြန်မာနိုင်ငံတွင် အစိုးရပိုင်အဖွဲ့အစည်း၊ ရဲစခန်း၊ တရားရုံးများတွင် တရားစွဲရန်၊ ခုခံ၊ ချေပရန် တရားမ၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုရန် အခွင့်အာဏာအပ်နှင်းကြောင်း ဖော်ပြထားပြီး၊ အပိုဒ် (၆) တွင် ဤစာချုပ်အရ ကိုယ်စားလှယ်ခန့်အပ်ခြင်းသည် ၅ နှစ်သက်တမ်းရှိကြောင်း၊ စာချုပ်ကိုရပ်စဲလိုပါက ၃ လ ကြိုတင်၍မှတ်ပုံတင်စာဖြင့် ပေးပို့ရမည်ဖြစ်ကြောင်း၊ အရောင်းကိုယ်စားလှယ်သည် သတ်မှတ်ချက် ပြည့်မီအောင်ရောင်းချနိုင်ပါက ဤသဘောတူညီချက်သည် အလိုအလျောက် ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ စာချုပ်အပိုဒ် ၈ တွင် အနုညာတဖြေရှင်းခြင်း၊ (Arbitration) ကို ဖော်ပြထားပြီး၊ ဤသဘောတူညီချက်သည် မြန်မာဥပဒေနှင့်အညီ လွှမ်းမိုးဆုံးဖြတ်ရမည်ဖြစ်ကြောင်းနှင့် သဘောတူညီချက် နှင့်စပ်လျဉ်း၍ဖြစ်စေ၊ သဘောတူညီချက်၏ပြင်ပမှဖြစ်စေ ပေါ်ပေါက်လာသည့် စာချုပ်ခိုင်မာမှု၊ စာချုပ်ပါ သဘောတူညီချက်ဆောင်ရွက်မှုများ အပါအဝင်အငြင်းပွားမှုများကို ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံအနုညာတဖြေရှင်းရေးဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် ဖြေရှင်းရန်ပြဋ္ဌာန်း၍ ဖြေရှင်းရန်နေရာအဖြစ်ရန်ကုန်မြို့ကို သတ်မှတ်ကြောင်းဖော်ပြပါရှိသည်။ စာချုပ်အပိုဒ် (၉) အရ စာချုပ်ပါသဘောတူညီချက်များသည် ၂-၅-၂၀၁၃ နေ့မှစတင်သက်ရောက်ကြောင်း ဖော်ပြထားသည်။ အပိုဒ် (၁၀) တွင် အဆိုပါစာချုပ်၌ပါဝင်သည့် စီးပွားရေးလုပ်ဆောင်မှုကိစ္စရပ်များကို ကုမ္ပဏီများ၏စာဖြင့်သဘောတူညီချက်များအရ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အထက်ပါ Exclusive Agency Agreement ပါစကားရပ်များ စာပိုဒ် (Clauses) များအရ မည်သည့်အချက်ကမျှ တရားလိုကုမ္ပဏီသည် အမှတ်(၂)တရားပြိုင်ကုမ္ပဏီ၏ စားသောက်ကုန်ပစ္စည်း (သီးစုံဖျော်ရည်) ကို မြန်မာနိုင်ငံဈေးကွက်အတွင်းတစ်ဦးတည်းအရောင်းကိုယ်စားလှယ်အဖြစ်ခန့်အပ်ကြောင်း ဖော်ပြပါရှိသည်ကို မတွေ့ရှိရပေ။ ရောင်းသူ မူလရုံးအမှတ်(၂)တရားပြိုင်အနေဖြင့် မူလရုံးက တရားလိုကုမ္ပဏီအား ပေးအပ်သည့်အထူးအခွင့်အရေးဖြင့်လည်းမတွေ့ရပေ။ အယူခံတရားလို၏ရှေ့နေက အဆိုပါစာချုပ်၏ခေါင်းစဉ်ပါ Exclusive ဟူသောစကားရပ်သည် တစ်ခုတည်းသော၊ အလေးထားသော၊ သီးသန့်သတ်မှတ်သော၊ မူပိုင်ဖြစ်သော၊ မူပိုင်ရောင်းချခွင့် တစ်ဦးတည်းမူပိုင်ခွင့်ဟူသော အဓိပ္ပါယ်များ သက်ရောက်ပါကြောင်း (The Foundation English Myanmar Dictionary) ကို ကိုးကားတင်ပြသည်။

စာချုပ်စာတမ်းတစ်ရပ်သည် ယေဘူယျအားဖြင့် ခေါင်းစဉ်နှင့်စာချုပ်စာတမ်းအတွင်းစာသားပါ အနှစ်သာရများကိုက်ညီဆီလျော်မှုရှိရန်လိုအပ်သည် မှန်သော်လည်း စာချုပ်ခေါင်းစဉ်နှင့် အတွင်းစာသားပါအနှစ်သာရများကိုကိုက်ညီမှုမရှိသည့်အခါ စာချုပ်ခေါင်းစဉ်မှာအရေးမပါတော့ပေ။ စာချုပ်အတွင်းစာသားပါ အနှစ်သာရကိုအဓိပ္ပါယ်ကောက်ယူ၍သာ မည်သည့်ကိစ္စအတွက်ချုပ်ဆိုကြောင်းဖွင့်ဆိုရမည်ဖြစ်သည်။ ဤမူသဘောကို **ဦးရွှေတင်(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးခင်မောင်) နှင့် ဦးအောင်တင့် အမှု**[၁] တွင်ကြည့်ပါ။ သို့ဖြစ်ရာ မူလရုံးတရားလိုအားကိုးတင်ပြသည့် Exclusive Agency Agreement စာချုပ်သည် မူလရုံးတရားလိုအား အမှတ်(၂)တရားပြိုင်၏ထုတ်ကုန်များကို မြန်မာနိုင်ငံဈေးကွက်အတွက်တစ်ဦးတည်းအရောင်းကိုယ်စားလှယ်ခန့်အပ်ကြောင်း ထင်ရှားပေါ်ပေါက်ပါက တရားလိုတောင်းဆိုသည့် ပထမသက်သာခွင့်ဖြစ်သည့် “KAto” ကုန်အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်း (သီးစုံဖျော်ရည်)

---

၁။ ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၄၄

များကို မြန်မာနိုင်ငံတစ်ဝှမ်း ဈေးကွက်အတွင်း တရားပြိုင်များကရောင်းချ ဖြန့်ဖြူးခြင်းမပြုရန် ထာဝရ တားဝရမ်းရလိုမှုကိုခွင့်ပြုနိုင်မည်ဖြစ်သော်လည်း စာချုပ်အရလည်းကောင်း၊ သက်သေထွက်ချက်နှင့် သက်သေခံ အထောက်အထားများအရလည်းကောင်း၊ မူလရုံးတရားလိုကုမ္ပဏီသည် အမှတ်(၂)တရားပြိုင် ကုမ္ပဏီ၏တစ်ဦးတည်းအရောင်းကိုယ်စားလှယ်အဖြစ် တစ်ထစ်ချကောက်ယူရန်မဖြစ်နိုင်သည့် အခြေအနေ တွင် မူလအမှုစစ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အမှတ်(၂)တရားပြိုင်သည် တရားလိုကုမ္ပဏီ နှင့်ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ်အရ အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ်များကို တရားလို အား မြန်မာနိုင်ငံ၌တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ခွင့်ပြုခဲ့ခြင်းမရှိဆိုသည်မှာ မှန်ကြောင်းနှင့် တရားလို သည် အမှတ်(၂)တရားပြိုင်နှင့်ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ်အရ မြန်မာနိုင်ငံ၌တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ဖြန့်ဖြူးရောင်းချခွင့်ရရှိခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ငြင်းချက်များကိုဖြေဆိုကာ တရားလိုတောင်းဆိုသည့် ပထမသက်သာခွင့်ထာဝရ တားဝရမ်းတို့ကို ခွင့်မပြုဘဲ ပလပ်ခဲ့ခြင်းသည် ဥပဒေ အရ မှားယွင်းကြောင်း မပေါ်ပေါက်ပေ။

အမှုတွင် မူလရုံတရားလို(အယူခံတရားလို) က ဒုတိယသက်သာခွင့်အဖြစ် လျော်ကြေးငွေ ကျပ်သိန်း (၂၀၀၀၀) ရလိုမှုတောင်းဆိုသည်။ အဆိုလွှာတွင် မူလရုံးတရားလိုသည် "KAto" ကုန်အမှတ် တံဆိပ်စားသောက်ကုန် (သီးစုံဖျော်ရည်) ကို ၂-၅-၂၀၁၃ ရက်စွဲပါ အမှတ်(၂)တရားလိုနှင့်ချုပ်ဆိုသော Exclusive Agency Agreement စာချုပ်အရ မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်အဖြစ်ရောင်းချခွင့်ရရှိပြီး နောက် မြန်မာနိုင်ငံတစ်ဝှမ်းတွင်ဈေးကွက်ရှာဖွေခြင်း၊ ဈေးကွက်အရောင်းမြှင့်တင်ခြင်း လုပ်ငန်းများကို ဝန်ထမ်း အင်အားတိုးချဲ့ခန့်ထား၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တရားလိုကုမ္ပဏီ၏ငွေအင်အား၊ လူအင်အား၊ ဈေးကွက်ရှာဖွေနိုင်မှု၊ ကျွမ်းကျင်မှု ပြည့်ဝစွာဆောင်ရွက်မှုများကြောင့် "KAto" ကုန်အမှတ် တံဆိပ်ပါ သီးစုံဖျော်ရည်များ အမည်ဂုဏ်သတင်းကောင်းများရရှိလာချိန်တွင် အမှတ်(၁)တရားပြိုင်ကုမ္ပဏီ ၏ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းဝယ်မှုပြုလုပ်သဖြင့် အမှတ်(၂)တရားပြိုင်ကုမ္ပဏီသို့ အကြောင်းကြားခဲ့ သော်လည်း မည်သူ့မျှအရေးယူဆောင်ရွက်ခြင်းမပြုသည့်ပြင် ၂၅-၁၀-၂၀၁၃ ရက်စွဲပါစာကို ပေးပို့လျက် ကိုယ်စား လှယ်အဖြစ်မှတစ်ဖက်သတ်ရပ်ဆိုင်းရန် ကြိုးပမ်းဆောင်ရွက်လာကြောင်း၊ အမှတ်(၁)နှင့် (၂)တရားပြိုင် ကုမ္ပဏီများသို့ ကန့်ကွက်စာများ ပေးပို့သော်လည်း အလေးဂရုပြုခြင်းမရှိဘဲ အမှတ်(၂) တရားပြိုင်က ၂-၁၂-၂၀၁၃ နေ့တွင်ကိုယ်စားလှယ်အဖြစ် တစ်ဖက်သတ်ရပ်ဆိုင်းခဲ့၍ တရားလိုသည် ငွေကြေး အရင်းအနှီးဖြင့် ဈေးကွက်ထူတောင်ရသည်များဆုံးရှုံးခြင်းနှင့် အမည်ဂုဏ်သတင်း (Good Will) တို့ ကျဆင်းခြင်းတို့အတွက် လျော်ကြေးငွေကျပ် သိန်း (၂၀၀၀၀) ရလိုကြောင်း အဆိုပြုစွဲဆိုခဲ့ခြင်းဖြစ်သည်။

မူလရုံးတရားလိုနှင့် အမှတ်(၂)တရားပြိုင်ကုမ္ပဏီကို ၂-၅-၂၀၁၃ နေ့တွင် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုသော Exclusive Agency Agreement သက်သေခံ(ဃ)၊ သက်သေခံ(၂၅) ၏ အပိုဒ် ၆ အရ ကိုယ်စားလှယ်ခန့်ထားမှုသည် ၅ နှစ်ဖြစ်သည်။ အဆိုပါ (၅) နှစ်အတွင်းကိုယ်စားလှယ်သည် သတ်မှတ်အရေ အတွက်ရောင်းချနိုင်ပါက သဘောတူညီချက်သည် အလိုအလျောက်တိုးချဲ့ပြီးဖြစ်ကြောင်းဖော်ပြထားသည်။ အဆိုပါစာချုပ်အပိုဒ် ၃၊ အပိုဒ်ခွဲ ၃ အရ အရောင်းကိုယ်စားလှယ်သည် ၁၂ လတိုင်းတွင် သတ်မှတ်ထားသည့် အနည်းဆုံးအရေအတွက် (target) ကိုရောင်းချဖြန့်ဖြူးခြင်းမပြုနိုင်လျှင် ရောင်းချသူ အမှတ်(၂)တရားပြိုင် သည် အသိပေးရန်ဖြစ်သည်။ (announcement) တစ်စောင်ကိုကိုယ်စားလှယ်သို့ ကြိုတင်ပေးပို့ရမည်ဖြစ်ပြီး

ကိုယ်စားလှယ်သည် ရလာဒ်ကောင်းများရရှိရန်အတွက် ကြိုးစားရန် ရက်ပေါင်း (၃၀) ရရှိမည်ဖြစ်သည်။ အဆိုပါ ရက်ပေါင်း (၃၀) အတွင်းသတ်မှတ်သည့် အနည်းဆုံး အရေအတွက်ကိုကျော်လွန်ရောင်းချခြင်းမပြု နိုင်ပါက ရောင်းချသူ အမှတ်(၂) တရားပြိုင်ကုမ္ပဏီသည် ကိုယ်စားလှယ်သဘောတူစာချုပ်ကို ရပ်ဆိုင်းရန် အခွင့် အရေးရရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါစာချုပ်အပိုဒ် ၃၊ အပိုဒ်ခွဲ ၇ တွင် အထက်ဖော်ပြပါ ကိုယ်စားလှယ် (the Agent) က အနည်းဆုံးရောင်းချရမည့်အရေအတွက်မှာ တစ်နှစ်လျှင် ကုန်သေတ္တာ (container) အလုံး (၃၀ မှ ၄၀) အတွင်းဖြစ်ကြောင်း၊ အပြိုင်အဆိုင်ရောင်းချမှုများနှင့် တတိယပုဂ္ဂိုလ်၏ တင်သွင်းခြင်းများကြောင့် ကိုယ်စားလှယ်၏အရောင်းပမာဏကိုကျဆင်းထိခိုက်စေမည်ဆိုပါက နှစ်ဖက် ကုမ္ပဏီများသည် ပြန်လည်စေ့စပ်ညှိနှိုင်း (renegotiate) ပြီး နှစ်ဖက်သဘောတူညီချက်များကို ပြင်ဆင်နိုင် ကြောင်းဖော်ပြထားသည်။

အဆိုလွှာနှင့်သက်သေထွက်ဆိုချက်များ၊ သက်သေအထောက်အထားများအရ သက်သေခံ (ဃ)၊ သဘောတူစာချုပ်ကို ၂-၅-၂၀၁၃ နေ့တွင်ချုပ်ဆိုပြီး ၅ လအတွင်း တရားလိုကုမ္ပဏီက အမှတ်(၂) တရားပြိုင် ကုမ္ပဏီထံမှ "KAto" စားသောက်ကုန်၊ ကုန်သေတ္တာ (၉) လုံးတင်သွင်းပြီးဖြစ်ကြောင်း၊ သက်သေခံ(ဈ) စာတွဲများအရပေါ်ပေါက်သည်။ ထိုအချိန်တွင် အမှတ်(၁)တရားပြိုင်ကုမ္ပဏီကအလားတူ ကုန်ပစ္စည်းများကို အမှတ်(၂)တရားပြိုင်ကုမ္ပဏီနှင့်ဆက်သွယ်ပြီး မြန်မာနိုင်ငံဈေးကွက်အတွင်း အပြိုင် ဖြန့်ဖြူးလာခြင်းကို အမှတ်(၂)တရားပြိုင်ကုမ္ပဏီသို့ ဆက်သွယ်အကြောင်းကြားခဲ့သော်လည်း မည့်သို့မျှ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ ထိုအချိန်ကျမှ တရားလိုကုမ္ပဏီသို့ ၂၅-၁၀-၂၀၁၃ နေ့စွဲပါ နို့တစ်စာ (သက်သေခံ-၆၂) ကို အနည်းဆုံးသက်မှတ်ချက်မပြည့်နိုင်ဟူသော အကြောင်းပြချက်ဖြင့် အမှတ်(၂) တရားပြိုင်ကုမ္ပဏီကပေးပို့ခဲ့ကြောင်းတွေ့ရှိရသည်။ ထို့ပြင် အဆိုပါ နို့တစ်စာတွင် ကိုယ်စားလှယ်အဖြစ် ရပ်စဲသည့်နေ့ကို ၂-၁၂-၂၀၁၃ နေ့ဟုသတ်မှတ်ပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။ တရားလိုကုမ္ပဏီအနေဖြင့် သက်သေခံ(ဃ)စာချုပ်ပါ မည်သည့်သဘောတူညီချက်ကိုမျှဖောက်ဖျက်ကြောင်းမတွေ့ရသည့်ပြင် အမှတ်(၂) တရားပြိုင်ကုမ္ပဏီက ကိုယ်စားလှယ်အဖြစ်မှတစ်ဖက်သတ်ရပ်စဲခဲ့ခြင်းကို ဖြေရှင်းရန်အခွင့်အရေးရရှိခဲ့ ကြောင်း မပေါ်ပေါက်ပေ။

အမှတ်(၂)တရားပြိုင်ကုမ္ပဏီက တရားလိုကုမ္ပဏီသို့ သဘောတူစာချုပ်ရပ်စဲခဲ့ကြောင်း ၂၅-၁၀-၂၀၁၃ နေ့တွင် ပေးပို့ခဲ့ပြီး၊ ၂-၁၂-၂၀၁၃ နေ့တွင် ရပ်စဲကြောင်း (Termination) အကြောင်းကြားစာ သက်သေခံ-၂၆ ပါ အကြောင်းပြချက်သည် သက်သေခံ(ဃ)၊ သက်သေခံ (၁၀) သဘောတူစာချုပ်၏ အပိုဒ် ၃၊ အပုဒ်ခွဲ (၃)၊ အပိုဒ် ၆၊ အပိုဒ် ၉ တို့နှင့်အညီ ဆောင်ရွက်မှုမဟုတ်ကြောင်းတွေ့ရှိရသည်။ ကိုယ်စားလှယ် အဖြစ်ရပ်စဲရသည့်မှာလည်း လုံလောက်သည့်အကြောင်း၊ (sufficient cause) ဖြစ်သည်ဟုဆိုနိုင်မည် မဟုတ်ပေ။ အဆိုပါတွေ့ရှိ သုံးသပ်မှုအပေါ် အမှတ်(၂)တရားပြိုင်၏ကိုယ်စားလှယ် ဦးဟန်ဝင်းလွင်ကလည်း ဝန်ခံထွက်ဆိုခဲ့ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ အမှတ်(၂)တရားပြိုင်သည် တရားလိုနှင့်ချုပ်ဆိုသော ၂ -၅-၂၀၁၃ နေ့စွဲပါ စာချုပ် သက်သေခံ(ဃ) သဘောတူညီချက် အပိုဒ် ၃၊ အပိုဒ်ခွဲ (၃) နှင့်အညီ ဖြန့်ဖြူး ရောင်းချခွင့်ကို ရပ်ဆိုင်းခဲ့ခြင်း မဟုတ်ကြောင်း ငြင်းချက်အမှတ်(၃)ကို ဖြေဆိုခဲ့ခြင်းသည် မှားယွင်းကြောင်း မတွေ့ရပေ။

ဤအခြေအနေတွင် တရားလိုတောင်းဆိုသော လျော်ကြေးငွေကျပ်သိန်း (၂၀၀၀၀) ကို တောင်းဆိုသည့်အတိုင်း သက်သာခွင့်ပေးရန်သင့် မသင့် စိစစ်ရန်ဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၇ အရ ပဋိညာဉ်တွင်ပါဝင်သူများသည် ပဋိညာဉ်ပါတာဝန်များကို လိုက်နာရန် အသီးသီးတွင်တာဝန်ရှိသည်။ ပဋိညာဉ်ကိုချိုးဖေါက်ပါက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၃ အရ နစ်နာမှုအတွက် လျော်ကြေးရထိုက်ခွင့်ရှိသည်။ သက်သေခံ(ဃ) Exclusive Agency Agreement စာချုပ်သည် အမှတ်(၂)တရားပြိုင်ကုမ္ပဏီ (the seller) က တရားလိုကုမ္ပဏီကို ၎င်းကတာဝန်ယူရောင်းချနေသည့် "KAto" ကုန်အမှတ်တံဆိပ်ပါ စားသောက်ကုန် (သီးစုံဖျော်ရည်)များကို မြန်မာနိုင်ငံဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချရန် အချိန်အကန့်အသတ်ဖြင့် စည်းကမ်းချက်များထား၍ ကိုယ်စားလှယ် (the Agency) အဖြစ်ခန့်အပ်ခြင်းဖြစ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀၅ တွင် -

Where there is an express or implied contract that the agency should be continued for any period of time, the principal must make compensation to the agent, or the agent to the principal as the case may be, for any previous revocation or renunciation of the agency without sufficient cause ဟုပြဋ္ဌာန်းထားရာ အမှတ်(၂)တရားပြိုင်က သက်သေခံ(ဃ) သဘောတူညီချက်များကို ချိုးဖောက်ပြီး တရားလိုသို့ ကိုယ်စားလှယ်အဖြစ် တစ်ဖက်သတ် ရုပ်စဲခြင်းမှာ လုံလောက်သော အကြောင်းရှိကြောင်း တရားပြိုင်ဘက်မှ တင်ပြထုချေခြင်းမပြုနိုင်သည့် အခြေအနေတွင် မူလရုံးတရားလိုအနေဖြင့် လျော်ကြေးရထိုက်ခွင့်ရှိသည်မှာ ထင်ရှားမြင်သာသည်။

ကိုယ်စားလှယ်ပဋိညာဉ်တစ်ရပ်ကို အကြီးအကဲဖြစ်သူက ခိုင်လုံသောအကြောင်းမရှိဘဲ အချိန်မတိုင်မီ အဆုံးသတ်လိုက်သည့်အခါ ၎င်းသည် ၎င်းလုပ်ဆောင်ရမည့် ပဋိညာဉ်၏ အစိတ်အပိုင်းကို လုပ်ဆောင်ရန် ငြင်းဆန်သည့်အပြင် ကိုယ်စားလှယ်ထားသည့် ကိုယ်စားလှယ်လုပ်ဆောင်ရမည့် အပိုင်းကို လုပ်ဆောင်ခွင့်မပေးရာရောက်သည်။ ထို့ကြောင့် ကိုယ်စားလှယ်၏နစ်နာဆုံးရှုံးမှုအတွက် အကြီးအကဲတွင် တာဝန်ရှိမည်ဖြစ်သည်။ ဤမူသဘောကို **Vichnucharya V. Ramchandra (1881) 5 Bom. 253 အမှု၂** တွင်ကြည့်ပါ။ အမှတ်(၂)တရားပြိုင်နှင့် တရားလိုတို့အကြားတွင် ကာလတစ်ခုကြာဆောင်ရွက်ရန် ပဋိညာဉ်ရှိကြောင်းထင်ရှားသည်ဖြစ်၍ အမှတ်(၂)တရားပြိုင်သည် လုံလောက်သော အကြောင်းမရှိဘဲ ပဋိညာဉ်ကို ရုပ်သိမ်းခွင့်မရှိ။ လုံလောက်သော အကြောင်းမရှိဘဲ ပဋိညာဉ်ကို ရုပ်သိမ်းခဲ့ခြင်းကြောင့် တရားလိုသည် အမှတ်(၂)တရားပြိုင်ထံမှလျော်ကြေးရခွင့်ရှိသည်။ လျော်ကြေးအဖြစ်ခွင့်ပြုရန် ပမာဏသည် ကိုယ်စားလှယ်အားဖြစ်ဖွယ်ရှိသော ဆုံးရှုံးမှုဖြစ်သည်။ ဤမူသဘောကို **Landau and sons V Ahmed Ayub A I R 1922 SIND 25** တွင်ကြည့်ပါ။

သက်သေခံ (ဃ) စာချုပ်တွင် ပဋိညာဉ်ကိုချိုးဖောက်ပါက ပေးလျော်ရမည့် လျော်ကြေးနှင့်စပ်လျဉ်း၍ သတ်မှတ်ထားခြင်းမရှိကြောင်းတွေ့ရှိရသည်။ တရားလိုကုမ္ပဏီသည် ၎င်း၏နစ်နာမှုအတွက် လျော်ကြေးငွေကျပ်သိန်း (၂၀၀၀၀) ရလိုကြောင်း တောင်းဆိုသော်လည်း အဆိုပါ တောင်းဆိုသော သက်သာခွင့်အတွက် မည်သို့မည်ပုံရထိုက်ကြောင်း တွက်ချက်တင်ပြမှုမရှိပေ။ မူလအမှုစစ်တရားရုံးက တရားလို ကုမ္ပဏီသည် သက်သေခံ(ဃ) စာချုပ်ချုပ်ဆိုပြီးနောက် ကွန်တိန်နာ (၉) လုံးတင်သွင်းရာ

---

၂။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၄

ကွန်တိန်နာတစ်လုံးလျှင် ကျသင့်ငွေ ထိုင်းဘတ် (၃၁၆၈၀၀) ဖြစ်ရာ အဆိုပါနှုန်းထားအပေါ်တွင် အမှတ်(၂) တရားပြိုင်ကုမ္ပဏီက တရားလိုကုမ္ပဏီကို စာချုပ်တစ်ဖက်သတ်ရပ်စဲသဖြင့် ရောင်းချမှုရပ်တန့်သွားချိန်တွင် ကွန်တိန်နာ (၅) လုံးနှင့် အထက်ရောင်းချရန်ကျန်ရှိနေကြောင်း တရားလို၏ထွက်ဆိုချက်အပေါ်တွင် တွက်ချက်၍ လျော်ကြေးငွေကျပ်သိန်း (၁၀၀၀) သတ်မှတ်ပေးလျော်စေရန် ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

မူလတရားလိုကုမ္ပဏီသည် စာချုပ်ပြီးနောက် ကုန်ပစ္စည်းရောင်းအားမြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများခန့်အပ်ရခြင်း၊ လက်လီလက်ကားရောင်းချနိုင်ရေးအတွက် ဖောက်သည်အသစ်များ ဆက်သွယ်ရှာဖွေခြင်း၊ ပစ္စည်းအမြန်ရောင်းချရေးအတွက် ကော်မရှင်ခသတ်မှတ်ခြင်း၊ အရောင်းမြှင့်တင်ရေး အတွက် သတင်းစာ၊ ရေဒီယိုစသည့် မီဒီယာများမှကြော်ငြာရခြင်း၊ ဝန်ထမ်းများသင်တန်းပေးရခြင်း စသည် တို့ကို သက်သေခံ(ဃ) စာချုပ်အပိုဒ် ၃၊ အပိုဒ်ခွဲ (၆) အရ ယင်းစရိတ်များသည် ကိုယ်စားလှယ်တစ်ဦးတည်း ကျခံရန်တာဝန်ရှိမည်ဖြစ်ကြောင်း သဘောတူညီထားသော်လည်း အမှတ်(၂)တရားပြိုင်သည် စာချုပ် သက်တမ်းမစေ့ရောက်မီ လုံလောက်သောအကြောင်းဖော်ပြနိုင်ခြင်းမရှိဘဲ တစ်ဖက်သတ်ရပ်စဲခဲ့ခြင်းဖြစ်၍ တရားလိုစိုက်ထုတ်ရင်းနှီးခဲ့ရသည်များကို လျော်ကြေးအဖြစ်ပေးရန် တာဝန်ရှိနေပေသည်။ ထို့ပြင် လျော်ကြေးကို တွက်ချက်ရာတွင် တရားလိုကုမ္ပဏီ၏ ကောင်းသောဂုဏ်သတင်း (Good Will) ကို ထိခိုက် စေသည့်အချက်ကို အဓိကထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

စီးပွားရေးလောက၊ ကုန်စည်ရောင်းဝယ်သည့်လုပ်ငန်းတွင် ဂုဏ်သတင်းသည် အဖိုးမဖြတ် နိုင်လောက်သော အရေးကြီးသည်၊ လူပုဂ္ဂိုလ်၊ ကုမ္ပဏီတို့၏ကောင်းသောအလေ့အထ၊ အပြုအမူ၊ အကျင့် စာရိတ္တ၊ စေ့စပ်သေချာမှု၊ ယုံကြည်စိတ်ချရမှု၊ ကတိသစ္စာတည်ကြည်ခိုင်မြဲမှု၊ မိမိ၏လုပ်ငန်းအပေါ် တန်ဘိုး ထားမှု၊ မိမိ၏စီးပွားဘက်များ၊ ဖောက်သည်များအပေါ်တွင် တန်ဘိုးထားမှု၊ သစ္စာရှိမှု၊ မဖောက်မပြန် တည်ကြည်ခိုင်မာမှု၊ မဆုတ်မနစ်သော ဖွဲ့လုံ့လရှိမှု၊ မိမိလုပ်ငန်း၊ ကုမ္ပဏီ၊ ပုဂ္ဂိုလ်၏ဂုဏ်သိက္ခာကို အရှုံးအမြတ်ဖြင့် မတွက်ချက်ဘဲ အလေးထားမှုစသည်တို့သည် စီးပွားရေးလုပ်ငန်း၊ ကုန်စည်ရောင်းဝယ်မှု တို့တွင် နာမည်ကောင်းဂုဏ်သတင်းတို့ကိုဖြစ်စေပြီး နာမည်ဂုဏ်သတင်းကောင်းရှိပါက စီးပွားရေး၊ ကုန်စည် ရောင်းဝယ်ရေးတို့တွင် စိတ်ချ၍ ပြည့်စုံသည့်အတွက် အလုပ်အပ်နှံသူ၊ ရောင်းဝယ်ဆက်ဆံလိုသူများပြားပြီး စီးပွားတိုးတက်စေမည်။ နာမည်ဂုဏ်သတင်းကောင်းမရှိပါက စိတ်ချယုံကြည်ရသူမဟုတ်ဟုယူဆပြီး ဆက်ဆံလိုသူနည်းပါး၍ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ကိုင်မရဖြစ်ကာ စီးပွားပျက်စေနိုင်မည်ဖြစ် သည်မှာ ကုန်သွယ်မှုကျင့်ဝတ်တစ်ခုပင်ဖြစ်သည်။ ယခုအမှုတွင် တရားလိုကုမ္ပဏီသည် အမှတ်(၂) တရားပြိုင်ကုမ္ပဏီက အကြောင်းလုံလောက်မှုမရှိဘဲ သက်သေခံ(ဃ) ကိုယ်စားလှယ်စာချုပ်ကို တစ်ဖက် သတ်ဖျက်သိမ်းခဲ့သည်ဖြစ်ရာ တရားလိုသည် စီးပွားရေးလောက၊ ကုမ္ပဏီအသိုင်းအဝိုင်းတွင် နာမည်ကောင်း (Good Will) ပျက်ယွင်းပြီး ဂုဏ်သိက္ခာကျဆင်းစေခဲ့ကာ တရားလိုအား များစွာထိခိုက်နစ်နာစေသည်မှာ ထင်ရှားမြင်သာသည်။ မူလအမှုစစ်တရားရုံးသည် တရားလို၏ နာမည်ကောင်းဂုဏ်သိက္ခာ ပျက်ယွင်း နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ထည့်သွင်းသုံးသပ်မှုပြုခဲ့ကြောင်း မတွေ့ရှိရပေ။ သို့ဖြစ်၍ တရားလို ကုမ္ပဏီ၏ နာမည်ကောင်းဂုဏ်သိက္ခာပျက်ယွင်းနစ်နာဆုံးရှုံးမှုအတွက် အမှတ်(၂)တရားပြိုင်သည် ထိုက်တန်သော လျော်ကြေးကိုပေးဆပ်ရန်တာဝန်ရှိပေမည်။ နာမည်ဂုဏ်သတင်းကောင်း ပျက်၍ နစ်နာမှုနှင့် စပ်လျဉ်းသော

လျော်ကြေးသည် တွက်ချက်တင်ပြ၍ရကောင်းသည်မဟုတ် တရားရုံးက မိမိ၏ဆင်ခြင်တုံတရားအရ သတ်မှတ်ပေးရန်ဖြစ်သည်။

လျော်ကြေးငွေမည်ရွေ့မည်မျှ ပေးဆောင်သင့်သည်ဆိုသော ပြဿနာနှင့်စပ်လျဉ်း၍ တရားရုံးတော်၏အမိန့်ကို အလွယ်တကူပယ်ဖျက်ရန် သင့်မည်မဟုတ်ချေ။ ထိုရုံးတော်က ချမှတ်သောအမိန့်မှာ ဥပဒေမူတစ်ရပ်ရပ်နှင့် ဖီလာဖြစ်လျှင်လည်းကောင်း၊ ချမှတ်သော လျော်ကြေးငွေများ အဆမတန်များလွန်းပြီး တရားလို၏နစ်နာချက်နှင့် အလျဉ်းပင်မကိုက်ညီလျှင်လည်းကောင်း၊ မှားမှားယွင်းယွင်းချမှတ်မှသာလျှင် ထိုအမိန့်ကို အယူခံရုံးတော်က ဝင်ရောက်စွက်ဖက်သည်ဟူသော မူတစ်ရပ်ကို အယူခံရုံးတော်က လိုက်နာကျင့်သုံးသည်။ ယင်းသို့လိုက်နာကျင့်သုံးသောမူမှာ အယူခံရုံးတော်၏ အတ္တနောမတိမဟုတ်ချေ၊ အထောက်အထား အကိုးအကားနှင့်တကွသောမူဖြစ်သည်။ ဤမူသဘောကို **ဦးစောဟန် နှင့် ဦးအုန်းခင်** ပါ- ၄ အမှု[၇] တွင်ကြည့်ပါ။

မူလရုံးတရားလိုရထိုက်သည့် လျော်ကြေးကိုတွက်ချက်ရာတွင် တရားလို၏ နာမည် ဂုဏ်သတင်းကောင်း (**Good Will**) ပျက်ယွင်းဆုံးရှုံးမှု နစ်နာမှုနှင့် ပဋိညာဉ်စာချုပ်အရ စိုက်ထုတ်ရင်းနှီး ကုန်ကျခံရသည့်စရိတ်များကိုထည့်သွင်းသုံးသပ်မှုမပြုဘဲ တရားလို ဆုံးရှုံးသည့် နစ်နာမှုအပေါ်တွင်သာ တွက်ချက်ပြီး အမှတ်(၂)တရားပြိုင်ကုမ္ပဏီအား လျော်ကြေးငွေကျပ်သိန်း (၁၀၀၀) သတ်မှတ်ခဲ့ခြင်းသည် အမှု၏ သက်သေခံ အထောက်အထားများအရ ကျိုးကြောင်းညီညွတ် ဆီလျော်သည်ဟုဆိုနိုင်မည်မဟုတ် သဖြင့် ပြင်ဆင်တည့်မတ်ရပေမည်။

ထို့ကြောင့် ဤတရားမအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုသည်။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က “KAto” ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝှမ်းဈေးကွက်အတွင်း တရားပြိုင်များက ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်း ရလိုကြောင်း စွဲဆိုမှုကို ပလပ်သော အမိန့်အား အတည်ပြုပြီး တရားလို R.N ENTERPRISE LTD အား အမှတ်(၂) တရားပြိုင် LEADER TRADE PRODUCTS CO,LTD က လျော်ကြေးငွေကျပ်သိန်း (၁၀၀၀) ပေးလျော်စေရန် ဒီကရီအစား လျော်ကြေးငွေကျပ်သိန်း (၁၀၀၀၀) ပေးလျော်စေရန် ပြင်ဆင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

(စိုးနိုင်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

---

၇။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊(တရားလွှတ်တော်ချုပ်) စာ- ၂၄